**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**
**မူတြော်ခရိုင်**

**၂၀၁၇-ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်။**

**<u>လက်ရှိနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုနှင့်ဒုက္ခသည်ကူညီထောက်ပံ့ရေးအပေါ်</u>**
**<u>သဘောထားထုတ်ပြန်ချက်</u>**

၁။ မူတြော်ခရိုင်အလုပ်အမှုဆောင်ကော်မတီကကြီးမှူး၍ ပြည်တွင်းနေရပ်စွန့်ခွါပြည်သူလူထုများနှင့်ဒုက္ခသည်များအား ထောက်ပံ့ရေးညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၇-ခုနှစ်၊ ဇူလိုင်လ(၂၅)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ ကရင်အရပ်ဖက်လူထုအဖွဲ့အစည်း(၁၀)ဖွဲ့မှ ကိုယ်စားလှယ်(၇၁)ဦး တက်ရောက်ခဲ့ပါသည်။

၂။ ထိုညှိနှိုင်းဆွေးနွေးပွဲတွင် လက်ရှိနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် ဒုက္ခသည်ကူညီထောက်ပံ့မှုအခြေအနေများကို ဆွေးနွေးသုံးသပ်ပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့သည်။ ထို့အပြင် ပြည်တွင်းနေရပ်စွန့်ခွါပြည်သူလူထုများအတွက် အကူအညီဆက်လက်ရရှိနိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ပြည်တွင်းနေရပ်စွန့်ခွါပြည်သူလူထုပံ့ပိုးရေးကော်မတီ(Internally Displaced Persons Supporting Committee) တရပ်ကိုလည်း ဖွဲ့စည်းခဲ့ကြသည်။

၃။ ပြည်တွင်းနေရပ်စွန့်ခွါပြည်သူလူထုများနှင့်ဒုက္ခသည်ဖြစ်ပေါ်လာရခြင်းသည် ပြည်တွင်းစစ်ကြောင့်ဖြစ်ပြီး ပြည်တွင်းစစ်ဖြစ်ပေါ်လာရခြင်း၏အရင်းခံမှာ နိုင်ငံရေးပြဿနာပင်ဖြစ်သည်။

၄။ လက်ရှိကာလတွင် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအချို့သာ NCA စာချုပ်ကိုလက်မှတ်ထိုးနိုင်ခဲ့ပြီး တနိုင်ငံလုံးအတိုင်းအတာအဖြစ် အပစ်အခတ်ရပ်စဲရေးရရှိအောင် မဆောင်ရွက်နိုင်ခဲ့သေးပေ။ ထို့အတူ အစိုးရနှင့် NCA စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများတို့၏ နိုင်ငံရေးဆွေးနွေးမှုများသည်လည်း မျှော်မှန်းသလောက်အောင်မြင်မှုမရရှိသဖြင့် လက်ရှိငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်ကို တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများမှ ပြန်လည်သုံးသပ်နေကြသည်ကို ထင်ထင်ရှားရှား မြင်တွေ့နေရပါသည်။

၅။ သို့သော် နိုင်ငံတကာမှနယ်စပ်ဖြတ်ကျော်ကူညီထောက်ပံ့မှုအား ပြည်တွင်းနေရပ်စွန့်ခွါပြည်သူလူထုများအပါအဝင် ဒုက္ခသည်ကူညီထောက်ပံမှုများကို လျှော့ချ၊ ပြတ်တောက်နေပြီဖြစ်သည်။

၆။ အထူးသဖြင့် မူတြော်ခရိုင်အတွင်းရှိ ပြည်တွင်းနေရပ်စွန့်ခွါပြည်သူလူထုများနေထိုင်သည့် အီးတူထာစခန်းအားကူညီထောက်ပံ့မှုများသည် ၂၀၁၇-ခုနှစ်၊ စက်တင်ဘာလအကုန်တွင် လုံးဝပြတ်တောက်သွားတော့မည် ဖြစ်သည့်အတွက်ကြောင့် လက်ရှိစခန်းနေပြည်သူလူထုများသည် ၎င်းတို့ဘဝလုံခြုံရေးနှင့်ရပ်တည်ရေးအပေါ် စိုးရိမ်မှုများဖြစ်နေပါသည်။

၇။ ထို့ကြောင့် ပြည်တွင်းနေရပ်စွန့်ခွါပြည်သူလူထုများအပါအဝင်၊ ဒုက္ခသည်အရေးနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရာတွင် -

(က) ပြည်တွင်းနေရပ်စွန့်ခွါပြည်သူလူထုများအပါအဝင်၊ ဒုက္ခသည်ပြန်လည်ပို့ဆောင်နေရာချထားရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံရေးဖြစ်ပေါ်အောင်မြင်တိုးတက်မှုအပေါ် အခြေခံရမည်။

(ခ) မြန်မာပြည်အတွင်း နိုင်ငံရေးအာမခံချက်နှင့်စစ်မှန်သောငြိမ်းချမ်းရေးမရရှိသေးပဲ ပြည်တွင်းနေရပ်စွန့်ခွါပြည်သူလူထုအပါအဝင် ဒုက္ခသည်များအား ပြန်လည်ပို့ဆောင်ခြင်းများ မပြုလုပ်ရန်။

(ဂ) ပြည်တွင်းနေရပ်စွန့်ခွါပြည်သူလူထုများအပါအဝင် ဒုက္ခသည်များပြန်လည်နေရာချထားနိုင်ရေးအတွက် ယုံကြည်မှုတည်ဆောက်နိုင်ရန် အစိုးရတပ်စခန်းများအား အမြန်ဆုံးရုပ်သိမ်းပေးရန်။

၈။ နိုင်ငံတကာအလှူရှင်များမှလည်း ပြည်တွင်းနေရပ်စွန့်ခွါပြည်သူလူထုများအပါအဝင်၊ ဒုက္ခသည်အရေးနှင့်ပတ်သက်၍ ကူညီဖြေရှင်းဆောင်ရွက်ရာတွင် -

(က) ပြည်တွင်းနေရပ်စွန့်ခွါပြည်သူလူထုအပါအဝင်၊ ဒုက္ခသည်များ၏ရေရှည်တည်တံ့ခိုင်မြဲသောဘဝရပ်တည်ရှင်သန်မှုနှင့်ဘဝလုံခြုံရေး ရှိစေရမည်။

(ခ) မြန်မာပြည်အတွင်း နိုင်ငံရေးအာမခံချက်နှင့်စစ်မှန်သောငြိမ်းချမ်းရေးမဖြစ်ထွန်းသေးသည့် အချိန်ကာလအတွင်း နယ်စပ်ဖြတ်ကျော်ကူညီထောက်ပံ့မှုများအား ဆက်လက်ပံ့ပိုးပေးရန်။

(ဂ) လက်ရှိအီးတူထာစခန်းရှိ ပြည်တွင်းနေရပ်စွန့်ခွါပြည်သူလူထုများ၏ ပညာရေး၊ ကျန်းမာရေးအပါအဝင် အကူအညီများကို ယခင်ထောက်ပံ့ပေးသည့်အတိုင်း ဆက်လက်ထောက်ပံ့ပေးရန်နှင့် ရေရှည်တည်တံ့စေနိုင်သည့်အသက်မွေးဝမ်းကြောင်းပညာရပ်များဆိုင်ရာ အထောက်အပံ့တို့ကိုလည်း ပံ့ပိုးပေးရန်။

၉။ ထို့ကြောင့် အထက်ဖော်ပြပါ အခြေခံအချက်များနှင့်အခြေအနေများအား ကနဦးအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း လေးနက်စွာ တောင်းဆို၍ ဤသဘောထားအား ထုတ်ပြန်အပ်ပါသည်။

**မူကြော်ခရိုင်**
**ခရိုင်အလုပ်အမှုဆောင်ကော်မတီ**


Contact:

(1) Padoah Tender - (+66) 53 071 600
(2) Padoh Mahn Mahn - (+66) 87 943 87 50
(3) Padoh Nay Tha Blay - (+66) 86 911 04 13


**သဘောတူထောက်ခံကြသည့်အဖွဲ့အစည်းများ**

1. Karen Women Organization (KWO)
2. Karen Environmental and Social Action Network (KESAN)
3. Back Pack Health Worker Team (BPHWT)
4. Mae Tao Clinic (MTC)
5. Karen Office for Relief and Development (KORD)
6. Karen Refugee Committee (KRC)
7. Karen Peace Support Network (KPSN)
8. Ei Tu Hta Refugee Camp Committee (ETTRC)
9. Karen National Union Concerned Group (KNU CG)
10. Karen Student Network Group (KSNG)
11. Karen Thai Group (KTG)